
ဘာသာပြန် စာရေးဆရာ - Min Ko Aung
ဆေးသိဒ္ဓိရှင်
(လုံချင်)
(Chapter 1186 - 1200)
စာစဉ် - ၈၀

# ဗဟိုလွင်ပြင်ဒေသ၏ပါရမီရှင်များ (သို့မဟုတ်) ဗဟိုလွင်ပြင်ဒေသ ကလုံချန်

## Chapter (1186)

## ယန်သားသတ်သမား တုချင်းရှန်

အထူးတံဆိပ် ခတ်နှိပ်ထားသော ဝိုင်များကိုကြည့်ပြီး ရှယွင်ချုံ ပါးစပ်အဟောင်းသားဖြစ်နေသည်။ ထိုဝိုင်ကရားတစ်ခုစီသည် ဝိုင်နန်းတော်တပည့်များ၏ အသက်နှင့် အတွေ့အကြုံတို့ကို ကိုယ်စားပြုသည်။ မျိုးမတူသော ဝိုင်အမျိုးမျိုးတို့တွင် ထိုးထွင်းသိမြင်မှုအဆင့်အတန်းအမျိုးမျိုးနှင့် ၎င်းတို့၏ အရသာသည် နက်နဲမှုတို့ဖြင့် ပြည့်နှက်နေသည်။ ထို့ကြောင့် ထိုဝိုင်များအားသောက်ခြင်းသည် သာမာန်ဝိုင်သောက်ခြင်းမျှမဟုတ်၊ ကောင်းကင်တာအိုများနှင့်ဆက်သွယ်ခြင်းလည်း မည်ပေသည်။ ယခု ရှယွင်ချုံ နှင့်သူ့ရှေ့၌ ဝိုင်ကရားအသေးများစွာ တန်းစီနေကြသည်။ သူတို့နှစ်ဦးသည် ဝိုင်များကို ဂရုတစိုက် အရသာခံပြီး ဝိုင်နှင့်ပတ်သတ်၍ထိုးထွင်းသိမြင်မှုကို စတင်ဆွေးနွေးကြသည်။ ရှာယွင်ချုံသည် အလွန်စိတ်လှုပ်ရှားနေ၏။ အခြားသူတစ်ဦး၏ ရှုထောင့်မှနေပြီး သိမြင်ခြင်းသည် သူ့အား ကောင်းကင်တာအိုများနှင့် ပိုမိုနီးကပ်လာစေခဲ့သည်။

"ဖွီ....ဘယ်လို ဝိုင်လည်း..... ဘာလို့ ဒီလောက်ပူပြီး ပြင်းရတာလည်း"

သူနောက်ဆုံး ဝိုင်ကို သောက်သည့်အခါ ရှယွင်ချုံမှာ ပါးစပ်အတွင်းမှ ပြန်ထွက်မတတ်ပင် ဖြစ်သွားသည်။ ထိုဝိုင်သည် ကျောက်ရည်ပူများလောင်းချသလို သူ့လည်ချောင်းထဲ စီးဝင်လာသည်။ ကြောက်စရာကောင်းသည့်

စွမ်းအင်ကြီးတစ်ခုလည်း သူ့အားဖြတ်သန်းစီးဆင်းသွား၏။ ရှယွင်ချုံ ပေါက်ကွဲတော့မလို ခံစားလိုက်ရသည်။

"သတိထားသောက်" လုံချန်ကရယ်ပြီးပြောသည်။ ယခင် ထိုဝိုင်ကိုသူ သောက်စဉ်က သူလည်း ထိုအတိုင်းဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က လူတစ် ယောက်သည် ယခု သူ ရှယွင်ချုံကိုကြည့်ပြီး ရယ်သလို ရယ်ခဲ့၏။ ရှယွင်ချုံ က ဝိုင်ကို မျိုချလိုက်နိုင်သည်။ဝိုင်သည် သူ့အစာအိမ်ကိုရောက်သောအခါ ခန္ဓာကိုယ်အနှံ့အပြားကို သန်းနှင့်ချီသော ဓားသေးသေးလေးများနှင့် ထိုးဆွ နေသလို ခံစားလာရသည်။ သို့သော် ဝိုင်၏အာနိသင်သည် သူ့၏ မရီဒန် အကြောများအတွင်းသို့ လျင်မြန်စွာ ပျံ့နှံ့သွားသည်။ဝိုင်၏အာနိသင်သည် သူ့မရီဒန်အကြောများ၏ အဆုံးသို့ရောက်သည့်အခါတွင် ပြင်းပျသော နာကျင်မှုကို ခံစားရပြန်သည်။ သူသည် သူ့၏မရီဒန်အကြောများအားလုံး ပေါက်ကွဲသွားတော့မလို ခံစားရသည်။ ယင်းမှာ အပြေးသမားတစ်ဦးသည် သူ့ရှေ့တွင် တောင်တစ်လုံးကာဆီးနေသည်ကိုမြင်သော် ဖောက်ထွင်းသွား ရန် ဆုံးဖြတ်လိုက်သကဲ့သို့ ဖြစ်သည်။

သို့သော် ရလဒ်မှာ တောင်သည် ကွဲအက်သွားခြင်းမရှိ၊ စွမ်းအင်များသာ တောင်နံရံနှင့်ရိုက်ခတ်ပြီး ပြင်းစွာ ခလောက်ဆန်နေသည်။ ပထမတွင် စွမ်းအင်များသည် သူ့ခန္ဓာကိုယ်အနှံ့အပြားသို့ အလျှံအပယ်စီးဆင်းသည်။ ယခု ၎င်းသည် ထပ်မံစုစည်းနေပြန်သည်။

"မကောင်းဘူး" ရှယွင်ချုံ မျက်နှာပျက်သွားသည်။ ဝိုင်၏ အာနိသင်သည် သူ့ဒန်တမ်ကို ပြင်းစွာရိုက်ခတ်နေသည်။ သူ့အရှိန်အဝါသည် သူ၏ ထိန်းချုပ်မှုအောက်မှလွတ်ထွက်သွား၏။ ထိုအရှိန်အဝါကို ပေါက်ကွဲထွက် ပေါ်လာစေရန် သူက ခွင့်ပြုခဲ့သော်သူ၏ နန်းဆောင်တစ်ခုလုံး နှစ်ခြမ်းပွင့် ထွက် သွားပေလိမ့်မည်။ ကံကောင်းသည်မှာ ရှယွင်ချုံတွင် အဆင့်မြင့်သိုင်း

ပညာရှိပြီး သူ၏ အရှိန်အဝါကို အတင်းအကြပ်ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော် တစ်ဝုန်းဝုန်းအသံများကား မီးတောင်တစ်ခု ပေါက်ကွဲတော့မလို သူ့ခန္ဓာကိုယ်မှ ထွက်ပေါ်လာနေကြသည်။ ၎င်းသည် ၅မိနစ်မှ ၁၀ မိနစ် အထိ ကြာမြင့်ပြီး ဖြည်းညင်းစွာ ငြိမ်ကျသွား၏။ ရှယွင်ချုံသည် အလွန် အံ့အားသင့်နေ၏။

"ကြောက်စရာကောင်းလိုက်တဲ့ စွမ်းအား... ကောင်းလိုက်တဲ့ ထိုးထွင်း သိမြင်မှု.... မြင့်မားလွန်းတဲ့ ကြီးစိုးမှု"

"ဟဲဟဲ.... ကျုပ်လည်း အကိုရှုလိုဖြစ်ခဲ့သေးတယ်..... အရှက်ကွဲဖို့နည်း နည်းပဲလိုသွားတယ်... ဒီ လူကြမ်းက အထင်တော့သေးလို့မရဘူး" သူက ခေါင်းညိတ်သည်။ ထိုဝိုင်ကို သားသတ်သမားနှင့်တူသည့် လူက ပြုလုပ် ခြင်းဖြစ်သည်။

"ရုပ်ဆိုးဆိုးနဲ့ဖက်တီးလား... အကိုလုံပြောနေတာ ယန်သားသတ်သမား တုချင်းရှန်လား" ရှယွင်ချုံသည် အလန့်တကြားဖြစ်သွားလေ၏။

"အဲ့တာတော့မသိဘူး။ သူ့ကို ဖက်တီးတုလို့ ခေါ်လို့တော့ ကျုပ်ကိုပြော တာပဲ"

စကတည်း ထိုသားသတ်သမား၏ မူလဇာတ်မြစ်သည် သူ့ဗိုက်ပူပူကြီးလို ကြီးလိမ့်မည်ဟု လုံချန် ထင်ခဲ့သည်။ ယခု ရှယွင်ချုံ၏ အံ့အားသင့်သွားဟန် က သူ့မှန်းဆချက်သည် မှန်ကန်သည်ဟု ယူဆစရာဖြစ်သည်။

"အကိုလုံ... ဒီလူ့အကြောင်းကို ကျုပ်ပြောပြမယ်.... လွန်ခဲ့တဲ့နှစ်ပေါင်းသုံး ထောင့်ငါးရာက ဒီလူဟာ သူ့ကိုယ်ပိုင်အင်အားနဲ့ ရှေးဟောင်းလူမျိုးစု တစ်စုကို ဖျက်ဆီးပစ်ခဲ့တယ်။ တစ်ညတည်းနဲ့ သူဟာ မျိုးနွယ်စု ခေါင်းဆောင်အပါအဝင် ဝိဉာဉ်ပြောင်းလည်းခြင်းအဆင့်သိုင်းသမား ရာဂဏန်းကို သတ်ပစ်ခဲ့တယ်။ အဲ့ဒီ မျိုးနွယ်စုခေါင်းဆောင်က အကိုလုံတို့

ဂိုဏ်းချုပ် ရွှမ်းဆရာသခင်နဲ့ အဆင့်အတူတူပဲ။ အဲ့ဒီအချိန်ကစပြီး ယန် သားသတ်သမား လို့အမည်တွင်သွားခဲ့တယ်။ ရှေးဟောင်းမျိုးနွယ်စုတွေက တုချင်းရှန်ကို တွေ့ရာသချိုင်းဓားမဆိုင်းသတ်ဖို့ အမိန့်ထုတ်ပြန်ခဲ့ကြတယ်။ တုချင်းရှန်လည်း ဝိုင်းပိတ်ထားတဲ့ မျိုးနွယ်စုတွေကြားက အသက်လုပြေးရ တယ်။ သူ ဒဏ်ရာ အကြီးအကျယ်ရပြီး လွတ်သွားတယ်။ နောက် ဒဏ်ရာ က သက်သာလာတဲ့အခါမှာရက်ရက်စက်စက်တိုက်ခိုက်ပြန်တာကြောင့် မျိုး နွယ်စု ၇ခု မျိုးပြုတ်သွားခဲ့တယ်။ အဲ့ဒီမျိုးနွယ်စုတွေက သူ့ကို လိုက်ဖမ်းတဲ့ သူတွေထဲမှာပါတယ်လေ"

"အဲ့ဒီအခါ ရှေးဟောင်းမျိုးနွယ်စုများမဟာမိတ်အဖွဲ့ဟာ ဒေါသ အကြီးအကျယ်ထွက်ပြီး လူပေါင်းများစွာနဲ့ သူ့ကို ဝိုင်းတယ်၊ ဒါပေမယ့် ဒီ တစ်ခေါက်မှာ တုချင်းရှန်ဟာ ပိုပြီး ပါနပ်သွားပြီ။ သူ့ကို မဝိုင်းနိုင်ခင်မှာပဲ ပျောက်ချင်းမလှပျောက်သွားတယ်။ သူဟာပြေးရင်းနဲ့ ပြန်လည်းတိုက်ခိုက် ခဲ့သေးတယ်။ သုံးနှစ်အတွင်းမှာ ရှေးဟောင်းမျိုးနွယ်စုဟာ မျိုးနွယ်စု ခေါင်းဆောင်အဆင့်သိုင်းသမားသုံးဦးနဲ့ ရာနဲ့ချီတဲ့ ဝိဉာဉ်ပြောင်းလည်း ခြင်းအဆင့်သိုင်းသမားတွေကိုဆုံးရှုံးခဲ့ရတယ်။ နောက်ဆုံးတော့ တုချင်းရှန် ရှေးဟောင်းမျိုးနွယ်စုပေါင်းများစွာကိုသတ်ခဲ့တယ်၊ အချို့က ကံကြမ္မာကျွန်း ကိုသွားပြီး တုချင်းရှန်ရှိမည့်နေရာကို မေးကြတယ်။ ရှေးဟောင်းမျိုးနွယ်စု တွေရဲ့လက်ချက်နဲ့ တုချင်းရှန် သေကာနီးဆဲဆဲမှာ ဝိုင်းနန်းတော်ကလူတွေ ရုတ်တရက်ရောက်လာပြီး သူ့ကို ကယ်လိုက်တယ်။ အဲ့ဒီအချိန်ကစပြီး တု ချင်းရှန်လည်း ဝိုင်နန်းတော်ရဲ့တပည့်တစ်ယောက်ဖြစ်လာခဲ့တော့တာပဲ"

ရှယွင်ချုံက တုချင်းရှန်၏ ဇာတ်ကြောင်းကို သူ့အား လေးလေးစားစား ပြောပြသည်။

"ဆိုတော့.... ရှေးဟောင်းမျိုးနွယ်စုတွေက ဒီအတိုင်း ထွက်သွားရရော

လား" သူကမူ သိပ်မယုံပေ။

"တစ်ကယ့်မေးခွန်းက ဒီလူတွေ ဝိုင်နန်းတော်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဝံ့သလားလို့ဖြစ်လိမ့်မယ်။ ဝိုင်နန်းတော်ကို အထင်မသေးနဲ့ အကိုလုံ.... ဝိုင်နန်းတော်ကတပည့်တွေဟာ ဝိုင်ဖောက်ခြင်းမှာပဲ အာရုံထားကြတာမို့လို့ သူတို့ရဲ့ သိုင်းအဆင့်အမှန်ကို မသိနိုင်ဘူး..... ဝိုင်နန်းတော်ကတပည့်အများစုဟာ ဝိုင်နန်းတော်ကိုမရောက်ကြခင်တုန်းက အလွန်ကြောက်စရာကောင်းခဲ့တဲ့လူတွေချည်းပဲ။ ဒါ့ကြောင့် သူတို့ရဲ့ ဘဝအပေါ် ရှုမြင်သုံးသပ်မှုတွေဟာ အမျိုးအမျိုးကွဲပြားကြပြီး အရသာ မတူတဲ့ဝိုင်ကိုယ်စီကို ထုတ်လုပ်နိုင်ကြတာပဲ။ အခြားသူတွေက ကောင်းကင်တာအိုတွေကို စမ်းတဝါးဝါးရှာနေကြတုန်းမှာ သူတို့ကတော့ နောက်ထပ် အဆင့်တစ်ခုကို ရောက်နှင့်နေကြပြီ"

"ဝိုင်နန်းတော်ရဲ့ အရှိန်အဝါဟာ လူတိုင်း တုဖက်နိုင်တာမျိုးမဟုတ်ဘူး.... ဆေးတောင်ကြားဘယ်လောက်သြဇာကြီးတယ်ဆိုတာကို အကိုလုံသိတယ်မလား.... ဝိုင်နန်းတော်က ဒီကောင်တွေကို ကန်ထုတ်ခဲ့တုန်းကဆိုရင် ဆေးတောင်ကြားကလူတွေ စကားတစ်ခွန်းတောင် မဟရဲခဲ့ကြဘူး။ ဆေးတောင်ကြားတောင်မှ မလှုန်ဝံ့မှတော့ ရှေးဟောင်းမျိုးနွယ်စုမဟာမိတ်များအဖွဲ့ဆိုတာ ဘာမို့လို့လည်း။ ဒီကောင်တွေဟာ ရွှမ်းသားရဲတွေက စွန့်ပစ်ထားတဲ့ မျိုးဆက်တွေပဲ....နောက်ပြီး ရှေးဟောင်းမျိုးနွယ်စုတွေဟာလူသားမျိုးနွယ်ကို ဘယ်တုန်းကမှ ကြိုက်နှစ်သက်ခဲ့ခြင်းမရှိဘူး။ သူတို့က သူတို့ကိုယ်သူတို့ လူသားမျိုးနွယ်ရဲ့ မျိုးဆက်တွေဆိုတာကိုတောင် ဝံ့မခံကြဘူး။ ရွှမ်းသားရဲတို့ရဲ့ မျိုးဆက်လို့ပဲ ပြောကြတယ်။ ဒါပေမယ့် ရွှမ်းသားရဲ တွေကလည်း ဒီကောင်တွေကိုလက်မခံချင်ပါဘူး"

"စကားလမ်းကြောင်း လွဲတော့မလို့.... ဝိုင်နန်းတော်အကြောင်းဆက်သွား

ကြရအောင်။ ဝိုင်နန်းတော်သားတွေဟာ သိုင်းလောကကိုစွန့်ပယ်ပြီး ဝိုင်တာအိုကို လိုက်စားနေကြသူတွေပဲ။ သူတို့ဟာ ဘဝမှာ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း မျိုးစုံကို ကြုံဖူးခဲ့ကြပြီးပြီ။ သူတို့ရှာဖွေနေတာက အင်မော်တယ် သို့မဟုတ် နတ်ဘုရားဖြစ်လာနိုင်မယ့် အခွင့်အရေး သူတို့မှာ ရှိမရှိ ဆိုတာကိုပဲ။ ဒါပေမယ့် ဒါဟာ သူတို့မှာ သိုင်းသမားစိတ်မရှိဘူးရယ်လို့ မဆိုလိုဘူး။ သူတို့ကို ရန်သာ သွားမစနဲ့၊ သူတို့ကလည်းဘာမှ မလုပ်ဘူး။ စော်စော်ကားကားပြောရင်တောင် နှင်ထုတ်ရုံလောက်ပဲ လုပ်ကြတာ။ ဝိုင်နတ်ဘုရားကို မစော်ကားသရွေ့ ဝိုင်နန်းတော်ဟာ ဝိုင်တာအိုလမ်းစဉ်လိုက်စားနေသူတွေကို သူတစ်ပါးအသက်မသတ်ဖို့ တားမြစ်ထားတယ်" ရှယွင်ချုံက လုံးစေ့ပတ်စေ့ရှင်းပြသည်။

လုံချန် သူ့ပါးသူ ပြန်ရိုက်ချင်စိတ်ပေါက်သွားသည်။ ဤတစ်ကြိမ် သူအနည်းငယ်လွန်သွားသည်နှင့်တူသည်။ သူသည်အဆင့်မြင့်သိုင်းသမားကြီးများကို ခပ်တည်တည် ဝိုင်တရားဟောခဲ့သည်။ ထိုသို့ တရားဟောခဲ့ကြောင်းကို ပြန်တွေးမိလျှင် လုံချန် ချွေးများပျံလာရသည်။ အမှန်တော့ ထိုထိပ်သီးသိုင်းသမားကြီးများသည် ထိပ်သီးဟူသော တစ်ချိန်တစ်ခါက ၎င်းတို့၏ ဂုဏ်ပုဒ်ကို စွန့်ခွာပြီး ဝိုင်တာအိုကို အပြီးတိုင်း လိုက်စားနေကြသူများဖြစ်ကြသည်။ သူတို့အမြင်တွင် ဝိုင်တာအိုသည် အရာရာဖြစ်သည်။ သူတို့သည် သိုင်းလောကနှင့် ပတ်သတ်သည်များကို ဂရုမစိုက်ကြတော့သလို သူတို့၏ ယခင်အောင်မြင်မှုများကိုလည်း ဂရုမစိုက်ကြတော့ပေ။ အကယ်၍ လုံချန်ကသာ သူတို့၏ သိုင်းပညာအပေါ် ကြည်ညိုသည်ဟုဆိုခဲ့လျှင် သူတို့သည် သူ့အပေါ် ယခုလောက်အမြင်ကောင်းချင်မှ ကောင်းပေမည်။

ထို့ပြင် ဆေးနတ်ဘုရား၏ မှတ်ဉာဏ်များနှင့် ကြယ်ကိုးလုံးကျင့်စဉ်မှလာသော သူ့၏ အသိအာရုံကို အသုံးချခြင်းကလည်း သူ့အဖို့ ခပ်ကြွားကြွား

စကားများဖြင့် ၎င်းတို့၏ အားနည်းချက်များကို ထောက်ပြရာ၌ ကြီးစွာ အထောက်အကူရခဲ့သည်။ ထို့ကြောင့်လည်း၎င်းတို့အားလုံးက ၎င်းတို့၏ ဝိုင်အကောင်းစားများကို သူ့အားရက်ရက်ရောရောပေးကြခြင်းဖြစ်သည်။

"တုချင်းရှန် အသက်လုပြေးရတုန်းက သူဟာ ဝိဉာဉ်ပြောင်းလည်းခြင်း အဆင့်မှာပဲရှိသေးတယ်........ အဲ့ဒီအဆင့်နဲ့ အဆင့်ကျော်ပြီး အသက်ကြယ် အဆင့်သိုင်းသမားတွေကိုသတ်ခဲ့တယ်။ ဒီသတင်းက ဗဟိုဒေသတစ်ခုလုံး ကို အကြီးအကျယ်တုန်လှုပ်သွားစေတယ်။ သူ့ ဝိုင်က သူ့တာအိုပဲ၊ ပြင်းထန် တယ်၊ ကြီးစိုးမှုအလွန်ကြီးတယ်။ ခေါင်းမာမာနဲ့ ရှေ့ကို ဇွတ်တရွတ်သွားလို တဲ့ ဆန္ဒရှိတယ်။ ကျုပ်က ကြီးစိုးခြင်းတာအိုကို ကျင့်ကြံတယ် ဒ့ါကြောင့် ဒီ ဝိုင်က ကျုပ်အတွက်အရမ်းအကျိုးများတယ်။ အကိုလုံ...ဒီဝိုင်ကို ကျုပ် အတွက်ပေးနိုင်မလား"

ရှယွင်ချုံက မျက်နှာပြောင်ပြောင်နှင့်ပြောသည်။ သို့သော် သူသည် မျက်နှာထားရခက်နေဟန်တူ၏။ သူ့မျက်နှာသည် နီရဲနေလေသည်။ သူတစ်ပါးတိုက်သော ဝိုင်ကို တစ်ဖြုန်ဖြုံ သောက်ရုံမက အိမ်အပြန်ပါဆယ် ပါဆွဲသွားရမည့် အလုပ်မှာ နည်းနည်းတော့ရက်ဖို့ကောင်းပါသည်။ လုံ ချန်သည် ကြီးစိုခြင်းတာအို လမ်းစဉ်ကို လိုက်စားသူမဟုတ်သောကြောင့် ဝိုင်ကိုကြိုက်နှစ်သက်၍ သောက်သည်ထက် အခြားပိုပြီး အကျိုးထူးမည် မဟုတ်ပါ။ အကယ်၍ ထိုဝိုင်ကိုသာ ရှယွင်ချုံကို ပေးလိုက်သော် သူ့၏ကြီးစိုးခြင်းတာအိုလမ်းစဉ်တွင် ပိုမိုခရီးရောက်မည်ဖြစ်ပြီး သူ့၏ အရှိန်အဝါသည် ပို၍ပြင်းထန် အစွမ်းထက်လာမည်။

"ဟဲဟဲ... အကိုရှ အားမနာပါနဲ့... သောက်သာသောက်ပါ.... ဒီ လောက်လေးကတော့ဗျာ.... အကိုရှ ညီမလေးကိုတောင် ကျုပ် ဝိုင်ကရား ငါးခု ပေးလိုက်သေးတယ်..."

"ဟင်... နမျောစရာဗျာ... ကျုပ် အခုသွားတောင်းမှပဲ" ရှယွင်ချုံက ဝုန်းကနဲထရပ်သည်။ လုံချန်က သူ့ကို အလျင်အမြန်ဖမ်းဆွဲ၍...

"မတောင်းပါနဲ့ .... ကျုပ်ပေးပြီးတာ ဖြစ်နေပြီလေ... ပြန်ယူလို့ ဘယ်ကောင်းပ့ါမလည်း...... ဝိုင်တွေကအများကြီးရှိပါသေးတယ်ဗျ... သောက်ဖို့အသာထားဦး.... ရေလိုချိုးရင်တောင်ကုန်မှာမဟုတ်ဘူး"

လုံချန်သည် လူတစ်ရပ်အရွယ် ဝိုင်စည်ကြီး ဆယ်စည်ကို ထုတ်လိုက်သည်။ ထိုဝိုင်စည်ကြီးများမှာ တုချင်းရှန်ဖောက်ထားသော အထူးဝိုင်များဖြစ်သည်။ ယခု သူတို့သောက်နေသည့် ဝိုင်အမျိုးအစားထက် ပိုပြီးကောင်းသည်။

"အခု ကျုပ်တို့သောက်နေတဲ့ ဝိုင်က ဖက်တီးတု စကားနဲ့ပြောရရင် ပလုပ်ကျင်းဖို့ထားတဲ့ အဆင့်ဗျ.... ဒါကမှ တစ်ကယ့်ဝိုင်"

လုံချန်က ရှယွင်ချုံ၏ တအံ့တသြအကြည့်များအောက်တွင်ပင် သစ်သားစည်ကို ဖွင့်ပြီး ဝိုင်နှစ်ခွက်ထည့်သည်။ ဝိုင်သည် ခွက်အတွင်းသို့ရောက်သည့်အခါ အပြာရောင်မီးတောက်များ ဖြစ်ပေါ်လာ၏။ အပြာရောင်မီးတောက်များနှင့် အနီးတစ်ဝိုက်တွင်ဟင်းလင်းပြင်သည် တွန့်ရှုံ့လျှက်ရှိသည်။

"သောက်ကြည့်ပါဦး" လုံချန်သည် သူ့၏ ဝိုင်ခွက်ကိုမြှောက်လိုက်၏။

သူတို့နှစ်ဦးသည် ဝိုင်ခွက်ချင်းတိုက်လိုက်ကြပြီး တစ်ချိုးတည်းမော့ချလိုက်ကြသည်။ လုံချန်မှာမူ ယခင်ကတည်းက ထိုဝိုင်ကို သောက်ဖူးထားသဖြင့် ပြင်ဆင်ထားပြီးဖြစ်သည်။ သို့သော် ရှယွင်ချုံသည် သူ့ကိုယ်သူပြင်ဆင်ထားလင့်ကစား ဝိုင်ကို လျှော့တွက်မိနေဆဲဖြစ်သည်။ သူ၏ လက်ဖျံနှင့် လက်မောင်းအနီးရှိ ဝတ်ရုံလက်စတို့သည် ဖြန်းကနဲကွဲထွက်ကုန်ကြပြီး လက်မောင်းနှင့် ခြေထောက်မှ သွေးများယိုစိမ့်ထွက်လာသည်။ တစ်ချိန်

တည်းမှာပင် ဆံပင်များသည် ဖြောင့်တန်းစွာထောင်လျှက်ရှိသည်။လုံချန်သည် ထိုမြင်ကွင်းကိုချီးကျူးဟန်ဖြင့် ခေါင်းညိတ်သည်။ ရှယွင်ချုံကား ကြီးစိုးခြင်းတာအိုလမ်းစဉ်အား လိုက်စားသူတစ်ဦး ပီသပါပေသည်။ သူသည် ကြောက်စရာကောင်းသည့် တန်ပြန်ရိုက်ခတ်မှုကို တောင့်ခံထားနိုင်စွမ်းရှိသည်။ထိုဝိုင်ကို သူသောက်တုန်းကဆိုလျှင် တုချင်းရှန်၏ သတိပေးမှုကြောင့်သာ မဟုတ်သော် စံအိမ်တစ်ခုလုံးပေါက်ကွဲသွားပြီဖြစ်သည်။ သို့သော် ရှယွင်ချုံကား အလွန်ပြင်းထန်သောစွမ်းအင်များကို ဖြည်းဖြည်းခြင်း ထိန်းပြီး လွှတ်နိုင်စွမ်းရှိသည်။

ယင်းက သူ့၏ စွမ်းအင်ထိန်းကြောင်းမှုသည် လုံချန့်ထက်ပင်သာကြောင်း ဆိုလိုခြင်းဖြစ်သည်။

"ကြောက်စရာကောင်းလိုက်တဲ့ကြီးစိုးမှုပါလား..... ဒါ့ကြောင့်လည်း ယန်သားသတ်သမားလို့ခေါ်တာကိုး... အကိုလုံ ... ကျုပ် ...စွမ်းအင်ချေဖျက်ဖို့ ကျင့်စဉ်ဝင်ရမယ်....." ရှယွင်ချုံကပြောသည်။

"ဒီဝိုင်တွေအားလုံးကို အကိုရှ ယူသွားလိုက်ပါ... ကျုပ်မှာရှိသေးတယ်"

လုံချန်က သူသိုလှောင်လက်စွပ်ထဲမှ ထုတ်ထားသည့် ဝိုင်မှန်သမျှကို ရှယွင်ချုံကိုပေးရာ ရှယွင်ချုံ ဝမ်းသာသွားသည်။ ရှယွင်ချုံ ပြောစကားအရ သူ၏ ကျင့်စဉ်သည် ရက်အနည်းငယ်ကြာမည်ဟု သိရသည်။ သူက လုံချန်အား ရှယိုလော်နှင့် ပတ်သတ်ပြီးမည်သည့်အစီအစဉ်ရှိသနည်းဟုမေးသည်။ အကယ်၍ လုံချန်သာ အလိုရှိပါက သူသည် သူတို့နှစ်ဦးအား သက်တောင့်သက်သာ ဖြစ်မည့် အစီအစဉ်မျိုး စီစဉ်ပေးနိုင်သည်။ သို့သော် လုံချန်က သူ့တွင်အချိန်မရှိကြောင်း၊ သူလည်း ကျင့်စဉ်ဝင်ရဦးမည်ဖြစ်ကြောင်း ပြောဆိုသည်။

သူသည် ခက်ခက်ခဲခဲရလာသော ဤဝိုင်များကို သောက်ဖို့ချည်း

သက်သက် အသုံးပြုမည် မဟုတ်ပါချေ။

***